ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# စာရိတ္တနှင့်ပြည်သူ့နီတိ
## ပထမတန်း



၂၀၁၇–၂၀၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# စာရိတ္တနှင့်ပြည်သူ့နီတိ
## ပထမတန်း

၂၀၁၇–၂၀၁၈

# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပိုပိုတို့မိသားစု | ၁ |
| ၂ | လူကြီးမိဘများကို ကူညီပါ | ၅ |
| ၃ | အိမ်၌ယဉ်ကျေးခြင်း | ၉ |
| ၄ | လိမ်ညာ၍ မပြောတော့ပါ | ၁၄ |
| ၅ | ဖြူဖြူ၏နောင်တ | ၁၈ |
| ၆ | တာဝန်ကျေသူ | ၂၂ |
| ၇ | ကျင့်ဝတ်လိုက်နာ ညီငယ်ရာ | ၂၆ |
| ၈ | လူကလေးရဲ့ ရိုးသားမှု | ၃၀ |
| ၉ | ယဉ်ကျေးပျူငှာ ဆက်ဆံပါ | ၃၅ |
| ၁၀ | ယုံကြည်ရသူ | ၃၉ |
| ၁၁ | စာနာတတ်သူ | ၄၃ |
| ၁၂ | ပူစူးသိတဲ့တရားမျှတမှု | ၄၇ |
| ၁၃ | တပည့်ဝတ် | ၅၁ |
| ၁၄ | နိုင်ငံချစ်သူ | ၅၅ |
| ၁၅ | မင်္ဂလာနံနက်ခင်း | ၆၀ |
| ၁၆ | လုပစေချင် တို့ဝန်းကျင် | ၆၅ |

# သင်ခန်းစာ (၁) ပိုပိုတို့မိသားစု

လူကြီးမိဘတွေရဲ့ဆိုဆုံးမစကားကို အလေးထားလိုက်နာတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။





- သူငယ်ချင်းတို့အိမ်မှာ မိသားစုဝင်ဦးရေ ဘယ်နှယောက်ရှိပါသလဲ။
- ဘယ်သူတွေလဲ ပြောပြပါလား။
- ဖေဖေနဲ့မေမေက သူငယ်ချင်းတို့အတွက် နေ့စဉ် ဘာတွေလုပ်ပေးပါသလဲ။




# ပိုပိုတို့မိသားစု

တစ်ခါတုန်းက တောအုပ်တစ်ခုမှာ ခြင်္သေ့မိသားစုတစ်စု နေထိုင်ကြတယ်။ သူတို့မိသားစုမှာ ဖခင်ခြင်္သေ့ကြီး၊ မိခင်ခြင်္သေ့မကြီးနဲ့ သားလေးပိုပိုတို့ ပါဝင်တယ်။ ဖခင်ခြင်္သေ့ကြီးက မိသားစုအတွက် အစားအစာကို နေ့စဉ် ရှာဖွေကျွေးမွေးတယ်။ မိခင်ခြင်္သေ့မကြီးကလည်း ပိုပိုကို ဂရုတစိုက် ပြုစုစောင့်ရှောက်လေ့ရှိတယ်။




ပိုပိုတို့မိသားစုဟာ ဂူကြီးထဲမှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြပါတယ်။ ဒါပေမဲ့ ပိုပိုဟာ ဂူကြီးအပြင်ဘက်ကို ထွက်ကြည့်ချင်တယ်။ မိခင်ကြီးကိုခွင့်တောင်းပေမဲ့ ခွင့်မပြုတဲ့အတွက် ပိုပို စိတ်ပျက်သွားတယ်။ တစ်နေ့မှာ ပိုပိုဟာ မိခင်မသိအောင် ဂူကြီးရဲ့အပြင်ဘက်ကို ထွက်ကြည့်လိုက်တဲ့အခါမှာ ပိုပိုမမြင်ဖူးတာတွေ တွေ့လိုက်ရတော့ အံ့သြပြီး ပျော်ရွှင်သွားတယ်။



တဖြည်းဖြည်းနဲ့ ဂူကြီးနဲ့ဝေးတဲ့နေရာကို ရောက်ရှိသွားတယ်။ အဲဒီ အချိန်မှာ ဆာလောင်မွတ်သိပ်နေတဲ့ မြေခွေးအုပ်စုတစ်စုက ပိုပိုကိုတွေ့သွားပြီး ကိုက်ဖြတ်စားသောက်ဖို့ နောက်ကနေ အတင်းဝိုင်းလိုက်ကြတယ်။ ပိုပိုကြောက်လွန်းလို့ ရှိသမျှအားအင်လေးနဲ့ ပြေးရတော့တာပေါ့။



အဲဒီအချိန်မှာပဲ ပိုပိုရဲ့ အဖေနဲ့ အမေရောက်လာပြီး ကယ်တင်လိုက်တဲ့အတွက် ပိုပို အသက်ချမ်းသာရာ ရသွားပါတယ်။





ပိုပိုဟာ မိဘတွေမသိဘဲ ဂူကြီးရဲ့ အပြင်ဘက်ကို နောက်ဘယ်တော့မှ တစ်ကောင်တည်း မထွက်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။



* မေးခွန်း

၁။ ပိုပိုကို မိဘတွေက ဘာကြောင့် အပြင်ထွက်ခွင့် မပြုတာလဲ။

၂။ ပိုပို မြေခွေးတွေနဲ့ တွေ့တဲ့အချိန်မှာ အဖေနဲ့ အမေသာ ရောက်မလာခဲ့ရင် ဘာဆက်ဖြစ်မယ် ထင်သလဲ။

၃။ လူကြီးမိဘတွေကို အသိမပေးဘဲ တစ်ဦးတည်း အပြင်ထွက်မလား။ မထွက်ဘူးလား။ ဘာကြောင့်လဲ။

၄။ လူကြီးမိဘတွေရဲ့ ဆိုဆုံးမစကားကို နားထောင် သင့်သလား။ ဘာကြောင့်လဲ။





# သင်ခန်းစာ (၂) လူကြီးမိဘများကို ကူညီပါ

လူကြီးမိဘများကို ကူညီတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။





- အိမ်မှာရှိတဲ့ လူကြီးမိဘတွေက ကလေးတွေအတွက် ဘာအလုပ်တွေ လုပ်ကြရသလဲ။
- လူကြီးမိဘတွေကို အကူအညီပေးသင့်သလား။ မပေးသင့်ဘူးလား။ ဘာကြောင့်လဲ။
- ဒီနေ့ အိမ်မှာ ဘာတွေ ကူညီပေးခဲ့သလဲ။





ဒီပုံကို လေ့လာပြီး မေးခွန်းတွေကို ဖြေကြည့်ရအောင်။
ပုံထဲက သူငယ်ချင်းက ဘာလုပ်နေသလဲ။ ဘာကြောင့်
သူအဲဒီလို လုပ်ပေးတယ်လို့ထင်ပါသလဲ။



ပုံ (၁)


ပုံ (၂)


ပုံ (၃)


ပုံ (၄)

အိမ်ကလူကြီးမိဘတွေကို ဘာတွေကူညီလုပ်ကိုင်ပေးမလဲ။







ဖေဖေက ပန်းပင်စိုက်နေရင် ဘာတွေကူလုပ်ပေးမှာလဲ။
မေမေက သန့်ရှင်းရေးလုပ်နေရင် ဘာတွေကူလုပ်ပေးမှာလဲ။






* မေးခွန်း

၁။ အိမ်မှာ ကလေးတို့ကူညီ လုပ်ကိုင်ပေး နိုင်တဲ့ အလုပ်တွေက ဘာတွေလဲ။

၂။ ဖေဖေနဲ့မေမေကို ဘာတွေ ကူညီ လုပ်ကိုင်ပေးဖူးသလဲ။

၃။ လူကြီးမိဘတွေကို ကူညီပေးခဲ့တာ ရှိရင် ပြောပြပါဦး။ ဘာကြောင့် အဲဒီလို ကူညီပေးခဲ့တာလဲ။



# သင်ခန်းစာ (၃) အိမ်၌ယဉ်ကျေးခြင်း


ယဉ်ယဉ်ကျေးကျေးနေတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြည့်ကြရအောင်။




- ဖေဖေနဲ့မေမေ အပြင်က ပြန်လာတာတွေ့ရင် ဘာလုပ်မလဲ။
- အိမ်မှာရှိတဲ့ လူကြီးတွေက ကိုယ့်ကိုခေါ်ရင် ဘယ်လို ထူးမလဲ။
- လူကြီးမိဘတွေက ကိုယ့်ကို ပြောဆိုဆုံးမတဲ့အခါ ဘယ်လို ခံစားရသလဲ။


ယဉ်ကျေးတဲ့ မျက်နှာက ဘယ်ပုံလဲ။ ယဉ်ကျေးတဲ့မျက်နှာကို ကြည့်ရင် စိတ်ထဲ ဘယ်လိုခံစားရသလဲ။






လူကြီးဆီက ပစ္စည်းယူရင် ဘယ်လို လက်ခံရမလဲ။ ဘာကြောင့်လဲ။






ထမင်းစားတဲ့အခါ ထမင်းဟင်းပေတဲ့လက်နဲ့ ဟင်းခပ်ဇွန်းကို ကိုင်မိရင် ဘာဖြစ်မလဲ။ ဟင်းရည်သောက်ရင် ဘယ်လိုသောက်ရမလဲ။











အိမ်မှာမိသားစုဝင်တစ်ယောက် အိပ်ပျော်နေရင် ဘယ်လိုပြုမူမလဲ။ ဘာကြောင့်လဲ။







# အခန်း(၃)


လူကြီး အနားမှာထိုင်တဲ့အခါ လူကြီးကို ရိုသေရာရောက်အောင် ဘယ်မှာထိုင်မလဲ။







ညီအစ်ကို မောင်နှမအချင်းချင်း ဘယ်လိုနေရမလဲ။ ဘာကြောင့်လဲ။





လူကြီးက ဧည့်သည်နဲ့စကားပြောနေတဲ့အခါ ဘယ်လိုနေမလဲ။






## ယဉ်ယဉ်ကျေးကျေးနေတတ်ဖို့ . . .

- ရွှင်ပျ ချိုသာတဲ့ မျက်နှာအမူအရာ ရှိရမယ်။
- လူကြီးက ပေးရင် လက်နှစ်ဖက်နဲ့ ခံယူရမယ်။ မိမိက ပေးရင် လက်နှစ်ဖက်နဲ့ ပေးအပ်ရမယ်။
- ထမင်းဟင်း မဖိတ်စဉ်အောင် ဂရုစိုက်ပါ။ ထမင်းဟင်းပေတဲ့ လက်နဲ့ ဟင်းခပ်ဇွန်းကို မကိုင်ရပါ။ ဟင်းရည်သောက်ရင် အသံမမြည်ရပါ။ ပါးစပ်ထဲမှာ အစားတွေနဲ့ စကားမပြောရပါ။
- သူများမနိုးသေးခင် နိုးနေရင် ကျယ်ကျယ်လောင်လောင် မပြောရပါ။ မဆူညံရပါ။
- လူကြီးနားမှာ နေရာယူတဲ့အခါ သင့်ရာမှာ ရိုရိုသေသေ ထိုင်ရမယ်။
- မောင်နှမအချင်းချင်း ချစ်ချစ်ခင်ခင် နေရမယ်။ ရန်မဖြစ်ရပါ။
- လူကြီးမိဘတွေရဲ့အလုပ်ကို တတ်နိုင်သလောက် ကူညီပေးရမယ်။
- လူကြီးက ဧည့်သည်နဲ့ စကားပြောနေရင် စောင့်ရမယ်။ မခေါ်ဘဲ မသွားရပါ။

**ဦးအုန်းမောင်(ပြည်သူ့နီတိ)**



* မေးခွန်း

၁။ မျက်နှာအမူအရာက ဘယ်လို နေရင် ယဉ်ကျေးသလဲ။

၂။ ပစ္စည်းတစ်ခုခုကို ဘာကြောင့် ရိုရိုသေသေ လက်ခံယူရသလဲ။ ဘာကြောင့် ရိုရိုသေသေ ပေးရသလဲ။

၃။ ယဉ်ယဉ်ကျေးကျေး ထမင်းစားတဲ့ပုံ သရုပ်ဆောင်ပြပါ။

၄။ မယဉ်ကျေးတဲ့ အပြုအမူတွေက ဘာတွေလဲ။ အဲဒါတွေကို ဘာကြောင့် မလုပ်သင့်တာလဲ။

၅။ ယဉ်ကျေးတဲ့ အပြုအမူတွေက ဘာတွေလဲ။ အဲဒါတွေကို ဘာကြောင့် လိုက်လုပ်သင့်တာလဲ။



# သင်ခန်းစာ (၄) လိမ်ညာ၍မပြောတော့ပါ


မှန်ကန်ကောင်းမွန်တဲ့ စကားပြောတတ်ဖို့ လေ့လာသင်ယူကြရအောင်။



- ဆရာ ဆရာမတွေကို လိမ်ညာ ပြောဖူးသလား။
- သူငယ်ချင်းတွေကိုရော လိမ်ညာပြောဖူးသလား။
- ဘာအကြောင်းတွေ ပြောဖူးသလဲ။
- ဘယ်လိုစကားမျိုး ပြောတဲ့သူကို လူကြီးတွေက ပိုပြီး ချစ်ခင်နှစ်သက်ကြမလဲ။



# လိမ်ညာ၍ မပြောတော့ပါ




တိုးတိုးဟာ ပထမတန်း ကျောင်းသားကလေး တစ်ယောက် ဖြစ်တယ်။ သူဟာ အစားမက် အဆော့မက်တဲ့ ကလေး တစ်ယောက် ဖြစ်တယ်။ တစ်နေ့မှာ အဆော့မက်နေလို့ အိမ်စာလုပ်ဖို့ မေ့နေခဲ့တယ်။ နောက်တစ်နေ့ ကျောင်းတက်ဖို့ ပြင်ဆင်ချိန်ရောက်တဲ့အခါ ဗိုက်အောင့် နေတဲ့အတွက် ကျောင်းမတက်နိုင်ပါဘူးလို့ သူ့အမေကို လိမ်ပြောတယ်။ တိုးတိုးရဲ့အမေက အတန်းပိုင်ဆရာမကို ခွင့်တိုင်ပေးခဲ့ရတယ်။ တိုးတိုးရဲ့ အတန်းပိုင်ဆရာမက “ဒီနေ့ တိုးတိုးကျောင်းမတက်တာကို စိတ်မကောင်းဘူး။ အလှူရှင်တစ်ဦးက တိုးတိုးတို့ အတန်းမှာ ရေခဲမုန့်နဲ့ ကိတ်မုန့် အာဟာရ လာကျွေးမွေးဖို့ ပြောထားတယ်” လို့ တိုးတိုးရဲ့ အမေကို ပြောပြခဲ့တယ်။ အဲဒီအကြောင်းကို ကြားရတဲ့အခါ တိုးတိုး အလွန်စိတ်ပျက်သွားတယ်။





ဘာကြောင့်လဲဆိုတော့ ရေခဲမုန့်နဲ့ ကိတ်မုန့်ကို တိုးတိုးအကြိုက်ဆုံး ဖြစ်လို့ပဲ။ အဲဒီနေ့မှာပဲ တိုးတိုး မကြိုက်တဲ့ ဆန်ပြုတ်နဲ့ ဗိုက်အောင့်ပျောက်ဆေးကို သောက်ပြီး အိမ်မှာပဲနေရလို့ တိုးတိုး အလွန် ဝမ်းနည်းမိတယ်။ နောက် ဘယ်တော့မှ လိမ်ညာမပြောတော့ဘူး လို့ တိုးတိုးက အမေနဲ့ ဆရာမကို ကတိပေးလိုက်တယ်။



# အခန်း(၄)

မှန်ကန်ကောင်းမွန်တဲ့ စကားတွေကို ချိုချိုသာသာပြောပြီး ဘောလုံးပစ်တမ်း ကစားကြရအောင်။




* မေးခွန်း

၁။ မဟုတ်မမှန်တဲ့ စကားပြောရင် ဘာဖြစ်မလဲ။

၂။ သူငယ်ချင်းတစ်ယောက် လိမ်ပြောနေတာသိရင် ဘာလုပ်မလဲ။

၃။ သူငယ်ချင်းတွေထဲက စကားကို မှန်မှန်ကန်ကန် ပြောတတ်တဲ့သူ တစ်ယောက်အကြောင်း ပြောပြပါ။



# သင်ခန်းစာ (၅) ဖြူဖြူ၏ နောင်တ

စည်းကမ်း လိုက်နာတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြည့်ကြရအောင်။



ပုံ-၁



ပုံ-၂

- သူတို့တွေ ဘာလုပ်နေကြသလဲ။
- တစ်ပုံချင်းစီရဲ့ အကြောင်းကို ပြောပြပါ။
- သူတို့တွေက ဘယ်လိုကလေးမျိုးတွေ ဖြစ်သလဲ။
- သူတို့ စည်းကမ်းလိုက်နာတယ်ဆိုတဲ့ အချက်က ဘာလဲ။





ပုံ-၃

# ဖြူဖြူ၏ နောင်တ

ဖြူဖြူဟာ ပထမတန်း ကျောင်းသူကလေး တစ်ယောက် ဖြစ်တယ်။ ကျောင်း တက်ရတာ၊ ကျောင်းစာလုပ်ရ တာကို မပျင်းပေမဲ့ အအိပ်မက်တဲ့သူဖြစ် တယ်။ အမေ နှိုးမှ အိပ်ရာ ထလေ့ရှိတယ်။






ကျောင်းနဲ့အိမ်က နီးနေလို့ ဖြူဖြူအတွက် အဆင်ပြေနေတယ်။ ဖြူဖြူရဲ့အတန်းပိုင် ဆရာမက ကျောင်းစည်းကမ်းလိုက်နာသူ၊ ကျောင်းပျက်ရက်မရှိသူကို ဆုပေးမယ်လို့ အတန်းထဲမှာ ပြောတဲ့အခါ ဖြူဖြူတစ်ယောက် အဲဒီဆုကို အလွန်လိုချင်မိတယ်။



တစ်နေ့မှာ ဖြူဖြူ့အဖွား နေမကောင်းလို့ ဆေးရုံ တက်ရတယ်။ ဖြူဖြူ့ အမေက အဖွားဆီကို အရေးတကြီးသွားရမှာ ဖြစ်လို့ ဖြူဖြူ့ကို နှိုးပြီး ဆေးရုံကို ထွက်သွား တယ်။ အမေထွက်သွား ပြီးတဲ့နောက် ဖြူဖြူက ဆက်အိပ်နေတယ်။ ကျောင်းတက်ခေါင်း လောင်းသံကြားမှ လန့်နိုးတော့ ကျောင်းသွား ဖို့ပြင်ဆင်ပြီး ကျောင်းကို သွားတယ်။



ဖြူဖြူကျောင်းရောက်တဲ့အခါ အတန်းပိုင်ဆရာမက ဖြူဖြူ့ကို ကျောင်းစည်းကမ်း လိုက်နာဖို့၊ ကျောင်းအချိန်မီရောက်ဖို့ ဆုံးမတယ်။ ဖြူဖြူ အလွန်ဝမ်းနည်းသွား တယ်။ သူလိုချင်တဲ့ဆုကို မရနိုင်တော့တာကို သိလိုက်ရတဲ့အခါ အအိပ်မက်တဲ့ ဖြူဖြူတစ်ယောက် မိမိရဲ့အပြစ်ကို လွန်စွာ နောင်တရနေမိတော့တယ်။

စာမျက်နှာ(၁၈)ရှိ ရုပ်ပုံများကိုကြည့်ပြီး သူငယ်ချင်း အချင်းချင်း မေးမြန်းကာ ဇယားကို ဖြည့်စွက်ပါ။

| | မလိုက်နာနိုင်သူ | ဘာကြောင့် မလိုက်နာသလဲ | စည်းကမ်းရှိအောင် ဘယ်လိုကြိုးစားမလဲ |
|---|---|---|---|
| ပုံ–၁ | | | |
| ပုံ–၂ | | | |
| ပုံ–၃ | | | |

* မေးခွန်း

၁။ အိပ်ရာထနောက်ကျခဲ့ရင် ကျောင်းချိန်မီအောင် ဘယ်လိုလုပ်မလဲ။

၂။ ကျောင်းချိန်မီအောင် ဘာတွေကို သတိထားရမလဲ။ ဘာကြောင့်လဲ။

၃။ ကျောင်းချိန်နောက်ကျရင် ဘယ်လိုခံစားရသလဲ။ ဘာကြောင့်လဲ။

၄။ ကျောင်းဆင်းရင် အိမ်ကို တန်းပြန်မှာလား။ လမ်းမှာ ဆော့နေမှာလား။ ဘာကြောင့်လဲ။



# သင်ခန်းစာ (၆) တာဝန်ကျေသူ

အလုပ်တာဝန်ကို အလေးထားတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- မနက်အိပ်ရာနိုးပြီးရင် ဘာအလုပ်တွေ လုပ်သလဲ။ အဲဒီအလုပ်တွေကို ကိုယ့်ဘာသာကိုယ် လုပ်သလား။ သူများက လုပ်ပေးရတာလား။
- အိမ်မှာ လူကြီးမိဘတွေကို ဘာတွေ ကူလုပ်ပေးဖူးသလဲ။
- ကျောင်းမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ ဘယ်သူတွေကို ကူညီလုပ်ကိုင်ပေးဖူးသလဲ။

ဟုတ်ကဲ့ ကူညီလုပ်ကိုင်ပေးဖူးပါတယ်
လုပ်ကိုင်ပေးဖူးတဲ့ အလုပ်တွေကတော့ . . .



# တာဝန်ကျေသူ



ထမင်းချက်ဖို့ မေမေပြင်

မီးဖိုထဲကိုဝင်၊

ပန်းကန်စင်စင် ဆေးဖို့တော့

သားတို့သမီးတို့တာဝန်ပေါ့။

အလုပ်အားတဲ့ ညနေတွင်

မေမေ စာဖတ်လျှင်၊



စာအုပ်စင်ကို ရှင်းဖို့တော့

သားတို့သမီးတို့တာဝန်ပေါ့။

ဆရာ၊ဆရာမ ကျောင်းခန်းဝင်


သင်ခန်းစာကိုသင်၊

ကျောင်းတွင်း ကျောင်းပြင်

သန့်ဖို့တော့

သားတို့သမီးတို့တာဝန်ပေါ့။ ။

မောင်ငွေဦး(ဆင်ဖြူကျွန်း)



ဒီပုံတွေကိုလေ့လာပြီး မေးခွန်းတွေကို ဖြေကြည့်ရအောင်။



သူဘာလုပ်နေသလဲ။ မနက်အိပ်ရာထချိန်မှာ
လုပ်တဲ့အလုပ်တစ်ခုကို ပြောပြပါ။



သူဘာလုပ်နေသလဲ။ သင်လုပ်ပေးနိုင်တဲ့
အလုပ်တစ်ခုခုရှိရင်ပြောပြပါ။



သူဘာလုပ်နေသလဲ။ သင့်မှာရော
ဘာအလုပ်တာဝန်ရှိသလဲ။



သူတို့ဘာလုပ်နေသလဲ။ မိဘတွေ
အနားယူနေတဲ့အချိန်မှာ သင်ရော
ဘာတွေလုပ်နေသလဲ။

* မေးခွန်း

၁။ မိသားစုတွေက နေ့စဉ် ဘာအလုပ်တွေ လုပ်ရသလဲ။ အဲဒီအလုပ်တွေကို ဘာကြောင့် လုပ်ရတာလဲ။

၂။ တာဝန်ကျေပွန်တဲ့သူတစ်ယောက် ဖြစ်အောင် ဘာတွေလုပ်မလဲ။

၃။ အိမ်မှာ၊ ကျောင်းမှာ အလုပ်တွေ လုပ်တဲ့အခါ ဘယ်လို လုပ်ခဲ့သလဲ။ ဘာကြောင့်လဲ။

၄။ အိမ်စာလေ့ကျင့်ခန်းတွေ မပြီးသေးရင် ဘာလုပ်မလဲ။



# သင်ခန်းစာ (၇) ကျင့်ဝတ်လိုက်နာ ညီငယ်ရာ

မလုပ်သင့်တာနဲ့ လုပ်သင့်တာကို ခွဲခြားနားလည်ဖို့ ဒီသင်ခန်းစာကို လေ့လာသင်ယူကြည့်ကြပါစို့။



- လိမ္မာတဲ့သူကို တွေ့ဖူးသလား။ လိမ္မာတဲ့သူက ဘာတွေလုပ်သလဲ။
- မလိမ္မာတဲ့သူကို တွေ့ဖူးသလား။ မလိမ္မာတဲ့သူက ဘာတွေလုပ်သလဲ။
- အကောင်ငယ်လေးတွေကို နာကျင်အောင် လုပ်ခဲ့ဖူးသလား။
- လူကြီး မိဘတွေကို လိမ်ညာပြောဆို ဖူးသလား။ ဘာကြောင့်လဲ။



# နောက်ဘယ်တော့မှ မလုပ်တော့ပါ





တစ်ခါက ရွာတစ်ရွာမှာ ဆွဲဆွဲလို့ ခေါ်တဲ့မိန်းကလေးတစ်ယောက်ရှိတယ်။ ဆွဲဆွဲက ပျော်ပျော်နေတတ်ပြီး စတတ် နောက်တတ်တယ်။ သူငယ်ချင်းတွေရဲ့ ပစ္စည်းလှလှလေးတွေကို ဆွဲဆွဲက ဝှက်ထားတတ်တယ်။

သူငယ်ချင်းတွေက ဝိုင်းကူ ရှာပေး ပါဦးလို့ပြောရင် ဆွဲဆွဲက မတွေ့ဘူး ကိုယ့် ဘာသာရှာကြလို့ ပြောပြီး ပျော်နေတတ်တယ်။ သူငယ်ချင်းတွေက သူတို့ ပစ္စည်းတွေကို ဆွဲဆွဲဝှက်ထားမှန်း မသိတော့ ဆွဲဆွဲနဲ့အတူ အမြဲပဲ ကစားနေကြတာပေါ့။



တစ်နေ့မှာ ဆွဲဆွဲတို့ သူငယ်ချင်း တစ်စု ကစားနေတုန်း နေမျိုးက ခွေးပေါက်စကလေး တစ်ကောင်ကို ပွေ့ပိုက်ပြီး ရောက်လာပါတယ်။ ဆွဲဆွဲလည်း သူလုပ်နေကျ အတိုင်း ခွေးပေါက်စကလေးကို ဝှက်ထားဖို့ စိတ်ကူး မိပြန်တယ်။



သူငယ်ချင်းတွေ ကစားနေတုန်း ဆွေဆွေတစ်ယောက် ခွေးပေါက်စကလေးကို ဂါဝန်ထဲ အသာထည့်ပြီး ခြံနောက် ဘက်ကို တိတ်တိတ်လေး ထွက်ခဲ့ပါတယ်။

ခြံထောင့်က ကောက်ရိုးပုံဘေးရှိ ပုံးတစ်လုံးထဲ ခွေးပေါက်စကလေးကို ထည့်ပြီး အဖုံးပိတ်ကာ ဝှက်ထားလိုက်တယ်။

ခဏကြာတော့ သူငယ်ချင်း အားလုံး အတူ ဝိုင်းရှာကြပါတယ်။ ရှာရင်း ရှာရင်းနဲ့ နောက်ဆုံးတော့ နေမျိုးက “ကောက်ရိုးပုံနားက ပုံးထဲ သွားဖွင့်ကြည့်ဦးမှပဲ” ဆိုပြီး ဖွင့်ကြည့်လိုက်တော့ ခွေးပေါက်စ ကလေးကို တွေ့ပါတယ်။



ဒါပေမဲ့ ခွေးပေါက်စကလေးဟာ ပုံးထဲမှာ လေမရှူရတော့ အသက်ရှူကျပ်ပြီး သေသွားတာပေါ့။ သူငယ်ချင်းတွေအားလုံး ခွေးပေါက်စကလေးကို သနားပြီး ငိုကြတာပေါ့။ ဆွေဆွေ ကိုယ်တိုင်လည်း ငိုမိတာပေါ့။ နောက်ဘယ်တော့မှ ဒီလို မလုပ်တော့ဘူးလို့ သူငယ်ချင်းတွေကို ကတိပေးလိုက်ပါတော့တယ်။



# ညီကျင့်ဝတ်

မဟုတ်မမှန် လိမ်ညာစကားကို
မပြောကြားနဲ့ ညီထွေးငယ်။
ပိုးကောင်လေးတွေ ကြင်နာသနားလို့
သွားမသတ်နဲ့ ညီထွေးရယ်။
သူ့ပစ္စည်းကို မသိဘဲပေါ့ ခိုးဝှက်ယူဆော့ မပြုနဲ့ကွယ်။
ဒီလိုမှကွယ် လူတွေချစ်လို့ ကိုလေးကလည်း ပိုချစ်မယ်၊
ညီထွေးရယ် ...... မှတ်သားကွယ်။

မောင်ထွန်းရီ

* မေးခွန်း

၁။ လိမ်ညာပြောဆိုတာ ကောင်းသလား။ ဘာကြောင့်လဲ။

၂။ သူတစ်ပါးရဲ့ ပစ္စည်းကို ပိုင်ရှင်မသိဘဲ ယူထားမိရင်ကောင်းသလား။ ဘာကြောင့်လဲ။

၃။ အကောင်ငယ်လေးတွေကို နာကျင်အောင်လုပ်တာ၊ သတ်ဖြတ်တာ ကောင်းသလား။ သူတို့ ဘယ်လိုခံစားရမလဲ။

၄။ မလုပ်သင့်တဲ့ အရာတွေကို လုပ်မိရင် ဘာတွေ ဖြစ်နိုင်သလဲ။

၅။ ကလေးတို့နေ့စဉ်လုပ်ဆောင်မဲ့ ကောင်းမွန်မှန်ကန်တဲ့ အလုပ်တစ်ခု ပြောပြပါ။



# သင်ခန်းစာ (၈) လူကလေးရဲ့ရိုးသားမှု

ပစ္စည်းကောက်ရရင် ပိုင်ရှင်ကိုပြန်ပေးတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြည့်ရအောင်။



- ပစ္စည်းတစ်ခုခု ကျပျောက်သွားရင် ဘယ်လိုခံစားရသလဲ။
- ပျောက်သွားတဲ့ပစ္စည်း ပြန်ရခဲ့ရင် ဘယ်လိုခံစားရသလဲ။
- ပျောက်သွားတဲ့ပစ္စည်း ပြန်မရခဲ့ရင် ဘယ်လိုခံစားရသလဲ။

ဟုတ်ကဲ့... ကျွန်တော် ကျပျောက်ဖူးပါတယ်




ပျောက်သွားတဲ့ ပစ္စည်းတစ်ခုခု ပိုင်ရှင်ဆီပြန်ရောက်ရှိလာတာ ဘာကြောင့်လဲ စဉ်းစားကြည့်ကြရအောင်နော်



# လူကလေးရဲ့ရိုးသားမှု





ရိုးရိုးလေးဟာ ကျောင်းပိတ်ရက်တစ်ရက်မှာ မိသားစုနဲ့ ပန်းခြံတစ်ခုကို သွားလည် ကြတယ်။



ပန်းခြံထဲမှာ လျှောက်လည်ရင်း ဦးထုပ်လှလှကလေးတစ်လုံး ကောက်ရတယ်။ ဦးထုပ်က သိပ်လှတော့ ရိုးရိုးလေးက လိုချင်တာပေါ့။

ဦးထုပ်ပျောက်လို့ ပိုင်ရှင်တော့ ငိုနေမှာပဲလို့ တွေးမိပါတယ်။ ဦးထုပ်ပိုင်ရှင်ကို စုံစမ်းပြီး ဦးထုပ်ပြန်ပေးလိုက်တာပေါ့။ ဦးထုပ်ပိုင်ရှင်က "ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဦးထုပ်ပျောက်လို့ ကျွန်တော် သိပ်နှမြောနေတာ အခုပြန်ရလို့ သိပ်ပျော်တယ်"လို့ ပြောပါတယ်။






တစ်နေ့မှာ ရိုးရိုးလေးဟာ စာရေးမယ်ဆိုပြီး လွယ်အိတ်ထဲက ပေတံထုတ်တော့ ပေတံကို ရှာမတွေ့ဘူးတဲ့။ လွယ်အိတ်က ပေါက်နေတာကြောင့် ပေတံတော့ ပျောက်ပါပြီဆိုပြီး စိတ်မကောင်း ဖြစ်နေတာပေါ့။



ရိုးရိုးလေးဟာ ပေတံကို ပြန်ရလို့ သိပ်ပျော်နေတာပေါ့။




# လူကလေးနှင့်ခဲတံ



ဟိုနားက ကျွန်တော်လေ
ခဲတံကောက်ရပေ၊
သေသေချာချာ ကြည့်လိုက်မှ
မောင်ထွေးခဲတံဗျ။
လှလှကလေး ဒီခဲတံ
ကျွန်တော်လိုချင်ပြန်၊
ကျကျန်ခဲ့တဲ့ မောင်ထွေးတော့
ငိုလို့နေမှာပေါ့။
သော့သော့ကလေး ကျွန်တော်ပြေး
သူ့ကို သွားလို့ပေး။

မြင့်တလူ





* မေးခွန်း

၁။ ဦးထုပ် ပျောက်သွားတဲ့ သူငယ်လေး သူ့ ပစ္စည်းပြန်ရတော့ ဘယ်လို ဖြစ်သွားလဲ။

၂။ ပုံပြင်ထဲက ရိုးရိုးလေးနေရာမှာ သင်သာ ဆိုရင်ကောက်ရတဲ့ဦးထုပ်ကို ဘာလုပ်မလဲ။

၃။ ပစ္စည်းပျောက်တဲ့သူ တွေ့ဖူးသလား။ အဲဒီ သူတွေကို ဘာကူညီ ပေးခဲ့ဖူးသလဲ။ ဘာကြောင့်လဲ။

၄။ စာသင်ခန်းထဲမှာ သို့မဟုတ် ကျောင်းဝင်း ထဲမှာ ပစ္စည်းတစ်ခု ကောက်ရရင် ဘာလုပ် မလဲ။ ဘယ်လိုလုပ်မလဲ။

၅။ လမ်းသွားရင်း ပစ္စည်းတစ်ခုကောက်ရရင် ဘာလုပ်မလဲ။ ဘယ်လိုလုပ်မလဲ။



# သင်ခန်းစာ (၉) ယဉ်ကျေးပျူငှာဆက်ဆံပါ


ယဉ်ယဉ်ကျေးကျေး ပြုမူတတ်ဖို့ သင်ယူလေ့လာကြရအောင်။



- လမ်းသွားရင်း သူငယ်ချင်းတစ်ယောက်ကို တွေ့ရင် ဘယ်လို နှုတ်ဆက်မလဲ။
- မျက်နှာပြုံးချိုနေတဲ့သူနဲ့ မျက်နှာမပြုံးချိုတဲ့သူနှစ်ယောက်မှာ ဘယ်သူ့ကို ပိုခင်ချင်သလဲ။ ဘာကြောင့်လဲ။
- လူတစ်ယောက်ကို မတော်တဆ တိုက်မိရင် ဘာပြောရမလဲ။


ဒီပုံတွေကိုကြည့်ပြီး မေးခွန်းတွေ ဖြေကြရအောင်။

ဒီလိုပုံစံတွေ့ရင် ဘယ်လို ခံစားရသလဲ။






ဘယ်လို နှုတ်ဆက်တာက ယဉ်ကျေးသလဲ။




# အခန်း(၉)


ဒီပုံတွေကိုကြည့်ပြီး မေးခွန်းတွေ ဖြေကြရအောင်။



# မင်္ဂလာ



ယဉ်ကျေးပျူငှာ ချိုသာနှော၊
အပြောညင်သာ မင်္ဂလာ။
ကိုယ်ကို ညွတ်လျက် နှုတ်ခွန်းဆက်၊
ချစ်မက်ဖွယ်ရာ မင်္ဂလာ။
သက်ကြီး မိဘ ရိုတုပ်ကွ၊
ဂါရဝပြုတာ မင်္ဂလာ။
ရွယ်တူအချင်းချင်း ပေါင်းဖော်သင်း၊
ရိုင်းပင်းတတ်တာ မင်္ဂလာ။



ကြီးငယ်မဟူ ချစ်ခင်မှု
ဖြူစင်စိတ်ပွား လက်ကိုင်ထား
လေးစားတတ်တာ မင်္ဂလာ။
မင်္ဂလာ၊ မင်္ဂလာ။

မြေလတ်မောင်မြင့်သူ



* မေးခွန်း

၁။ ယဉ်ကျေးတဲ့ အပြုအမူတွေက ဘာတွေလဲ။

၂။ ယဉ်ယဉ်ကျေးကျေး ပြုမူရင် လူတွေက ကြိုက်နှစ်သက်ကြတာ ဘာကြောင့်လဲ။

၃။ ဘယ်သူတွေကို ယဉ်ယဉ်ကျေးကျေး ပြုမူဆက်ဆံမလဲ။ ဘာကြောင့်လဲ။

၄။ ယဉ်ကျေးတဲ့ အပြုအမူတစ်ခုကို လက်တွေ့လုပ်ပြပါ။



# သင်ခန်းစာ (၁၀) ယုံကြည်ရသူ

သူတစ်ပါးကို စာနာ နားလည်တတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- အိမ်မှာ ယုံကြည်ရတဲ့သူ ရှိသလား။ သူက ဘယ်သူလဲ။
- ဘာကြောင့် သူ့ကို ယုံကြည်ရတာလဲ။
- အတန်းထဲမှာရော ယုံကြည်ရတဲ့သူရှိသလား။ သူက ဘယ်သူလဲ။
- ဘာကြောင့် သူ့ကို ယုံကြည်ရတာလဲ။


## ယုံကြည်ရသူ



ဖူးဖူးနဲ့ ကူးကူးတို့ သူငယ်ချင်းနှစ်ယောက်ဟာ အတူသွား၊ အတူစား၊ အတူကစားလေ့ရှိတယ်။ မုန့်စားတဲ့အခါတိုင်း တစ်ယောက်ကို တစ်ယောက်က ခွဲဝေကျွေးလေ့ရှိတယ်။ သူတို့နှစ်ယောက်ကို သိပ်ချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက်လို့ အားလုံးကသိကြတယ်။



တစ်နေ့မှာ ကူးကူး စိတ်မကောင်းဖြစ်ရမဲ့ အလုပ်တစ်ခုကို ဖူးဖူးက လုပ်မိပါတယ်။ ကူးကူးက ဘယ်သူမှ မသိစေချင်တဲ့ အကြောင်းတစ်ခုကို ကူးကူးမသိအောင် ဖူးဖူးက တခြားသူတွေကို လိုက်ပြောပြတယ်။ သင်္ချာဘာသာမှာ ညံ့နေတဲ့ ကူးကူးကို စာလိုက်နိုင်အောင် မရှင်းပြ မကူညီဘဲ "ကူးကူးက သင်္ချာညံ့လို့ တစ်ယောက်တည်း အချိန်ပိုသင်နေရတယ်"လို့ အတန်းထဲက တခြားသူငယ်ချင်းတွေကို ဖူးဖူးက လျှောက်ပြောတယ်။ အဲဒီလို လျှောက်ပြောတာကို ကူးကူးက သိသွားတော့ မယုံနိုင်အောင် အံ့သြမိတယ်။ ကူးကူးက "ငါ နင့်ကို မခင်တော့ဘူး၊ နင်က မယုံရဘူး"လို့ပြောပြီး ဖူးဖူးအနားကနေ ထွက်ခဲ့တယ်။ ဖူးဖူးဟာ သူ့အချစ်ဆုံးသူငယ်ချင်း စိတ်ဆိုးသွားပြီဆိုတာကို သိလိုက်ရတော့ စိတ်မကောင်း ဖြစ်သွားတယ်။ ကူးကူးနောက်ကို ပြေးလိုက်သွားရင်း "နောက်တစ်ခါ မဖြစ်စေရပါဘူး ကူးကူးရယ်၊ နင်ယုံကြည်အောင် ငါ ဘာပြန် လုပ်ပေးရမလဲ"လို့ တောင်းပန်တယ်။ ကူးကူးက "ငါက နင့်ကို ယုံကြည်ချင်ပါတယ်။ နင်က ငါ့ကို ဝမ်းနည်းအောင် လုပ်တယ်၊ နင့်ကို ယုံစေချင်ရင် ငါမကြိုက်တာ မလုပ်နဲ့ပေါ့"လို့ ပြန်ပြောတယ်။ ဖူးဖူးက "နင် ဝမ်းနည်းအောင် နောက်ဘယ်တော့မှ မလုပ်တော့ဘူးနော်၊ နင် ငါ့ကိုယုံကြည်လာအောင် ငါပြန်ပြီး ကြိုးစားပါ့မယ်"လို့ ပြောတယ်။





# အခန်း(၁၀)



## ယုံကြည်ရလျှင်

ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်

သူငယ်ချင်းများအသွင်၊

အကူအညီလိုရင် ညီညာမနှေး

ဝိုင်းဝန်းကူညီပေး။

ဖေးဖေးမမ ညီအစ်ကို

မောင်နှမတွေလို၊

ကြိုဆိုကာ လက်ချင်းဆက်၊

ယုံကြည်ခြင်းအတွက်။ ။

(ကိုထွန်းထွန်း–ဂီတမိတ်)





* မေးခွန်း

၁။ ဝမ်းနည်းနေတဲ့အချိန်မှာ သူငယ်ချင်းက စာနာသနားရင် ဘယ်လိုခံစားရမလဲ။

၂။ အကူအညီလိုနေတဲ့အချိန်မှာ သူငယ်ချင်းက လာကူညီပေးရင် ဘယ်လိုခံစားရသလဲ။

၃။ ဓာတ်လမ်းထဲက ဖူးဖူးနေရာမှာဆိုရင် သူငယ်ချင်းပြန်ချစ်ခင်လာအောင် ဘာလုပ်ပေးမလဲ။

၄။ အတန်းထဲမှာ နေမကောင်းတဲ့ သူငယ်ချင်းအတွက် ဘာလုပ်ပေးမလဲ။ ဘာကြောင့်လဲ။





# သင်ခန်းစာ (၁၁) စာနာတတ်သူ


သူတစ်ပါးကို စာနာ နားလည်တတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- ➢ အိမ်မှာမွေးထားတဲ့ ခွေးကလေး၊ ကြောင်ကလေးတွေကို အစာကျွေးဖူးသလား။ ဘာကြောင့်လဲ။
- ➢ သူငယ်ချင်းတစ်ယောက် နေမကောင်းလို့ ကျောင်းပျက်တဲ့အခါ ဘာလုပ် ပေးဖူးသလဲ။
- ➢ သူငယ်ချင်း ဝမ်းနည်းနေတဲ့အခါ သူ့ကို ချော့ဖူးသလား။ ဘာကြောင့်လဲ။

## သူငယ်လေးနဲ့ခွေးကလေး

ဆိုင်တံခါးဝမှာ "ခွေးပေါက်ကလေးများ ရောင်းရန်ရှိသည်"ဆိုင်းဘုတ် ချိတ်ထားတဲ့ ဆိုင်ပေါက်ဝကို ကလေး တစ်ယောက် ရောက်လာပြီး "ခွေးကလေး တစ်ကောင် ဘယ်လောက် ရောင်းသလဲ ခင်ဗျ" လို့ မေးတယ်။ ဆိုင်ရှင်က "တစ်ထောင်ကနေ သုံးထောင်အထိ ရှိတယ်"လို့ ဖြေတယ်။




သူငယ်လေးက သူ့ အိတ်ထဲမှာရှိတဲ့ ပိုက်ဆံတွေကို နှိုက်ထုတ်တယ်။ "ကျွန်တော့်မှာ ပိုက်ဆံတစ်ထောင်ပဲရှိပါတယ်။ ခွေးကလေးတွေ ကြည့်လို့ရမလား ခင်ဗျ" ဆိုတော့ ဆိုင်ရှင်က ခွေးတွေကို လေချွန်ပြီး ခေါ်လိုက်တယ်။



ခွေးကလေးတွေ ထွက်လာတယ်။ တစ်ကောင်က နောက်ဆုံးမှာ ထော့နဲ့ ထော့နဲ့ နဲ့ လမ်းမလျှောက် တတ်သလို ဖြစ်နေတယ်။ သူငယ်လေးက "ဒီ ခွေးကလေးက ဘာဖြစ်တာလဲဟင်" လို့ မေးတယ်။ ခွေးကလေးမှာ မွေးက တည်းက ခြေထောက်ထော့နဲ့ ထော့နဲ့ ဖြစ်နေတဲ့အကြောင်း ဆိုင်ရှင်က ရှင်းပြတယ်။

သူငယ်လေးက "ဒီခွေးကလေး ကျွန်တော် ဝယ်ချင်တယ်ဗျာ။ ဒါပေမဲ့ ကျွန်တော့်မှာ အခု တစ်ထောင်ပဲရှိတယ်။ နောက်ကို မုန့်ဖိုးစုပြီး ကျေတဲ့အထိ ပေးပါ့မယ်"လို့ ဆိုတယ်။ ဆိုင်ရှင်က "ဟာ မဝယ်ပါနဲ့ကွာ မင်းတကယ်လိုချင်ရင် ငါအလကားပေးပါ့မယ်။ ဒီခွေးကလေးက ပြေးနိုင်လွှားနိုင်မှာ မဟုတ်ဘူး၊ မင်းနဲ့ ခုန်ပေါက် ကစားနိုင်မှာ မဟုတ်ဘူး"လို့ပြောတယ်။သူငယ်လေးကဆိုင်ရှင်ကိုမော့ကြည့်ပြီး"ကျွန်တော်လည်းပဲ



ကောင်းကောင်းမပြေးနိုင်ပါဘူး ဗျာ၊ ဒီခွေးကလေးလည်း ကျန်တဲ့ ခွေးတွေလိုပဲ သူ့ကို ချစ်မဲ့သူ စာနာမဲ့သူ တစ်ယောက်တော့ ရှိဖို့ လိုမှာပေါ့"လို့ တိုးတိုးလေး ပြန်ပြောတယ်။ ဆိုင်ထဲက ထွက် သွားတဲ့သူငယ်လေးရဲ့ ဘယ်ခြေ ထောက်က ထော့နဲ့ထော့နဲ့ ဖြစ် နေတာကို ဆိုင်ရှင်က လှမ်းမြင် လိုက်မှ သူငယ်လေးပြောတာကို နားလည် သွားတော့တယ်။


ဒီပုံတွေကိုလေ့လာပြီး မေးခွန်းတွေကို ဖြေကြည့်ရအောင်။



လဲကျသူကို ဝိုင်းကူပြီး တွဲထူပေးတာ ဘာကြောင့်လို့ထင်သလဲ။

တစ်ယောက်ကို တစ်ယောက်က ကူညီပေးတဲ့အခါ သူတို့စိတ်ထဲ ဘယ်လိုခံစားရသလဲ။





သူငယ်ချင်း အချင်းချင်း ပိုပြီး ချစ်ခင်လာအောင် ဘယ်လိုနေရမလဲ။

* မေးခွန်း

၁။ စာနာသနားခဲ့ရတဲ့သူ ရှိသလား။ ဘယ်သူလဲ။ ဘာကြောင့် သူ့ကို စာနာသနား ခဲ့ရသလဲ။

၂။ သူငယ်ချင်းတွေထဲမှာ သူတစ်ပါးကို စာနာသနားတတ်တဲ့သူ ရှိသလား။ သူတစ်ပါးအပေါ်စာနာသနားတတ်တဲ့သူကို ချစ်သလား။ မချစ်ဘူးလား။

၃။ သူငယ်ချင်းတွေ ထမင်းအတူ စားနေတုန်း သူငယ်ချင်းရဲ့ဟင်းတွေ မတော်တဆ မှောက်ကုန်ရင် ဘာလုပ်မလဲ။



# သင်ခန်းစာ (၁၂) ပူစူးသိတဲ့တရားမျှတမှု

သူငယ်ချင်းတွေနဲ့ မျှမျှတတရှိဖို့ ဒီသင်ခန်းစာကို လေ့လာကြည့်ကြရအောင်။




- ကစားတဲ့အခါ ဘယ်သူတွေနဲ့အတူ ကစားလေ့ရှိ သလဲ။
- မုန့်စားတဲ့အခါ သူငယ်ချင်းက ဗိုက်ဆာနေရင် ဘာလုပ်မလဲ။
- သူငယ်ချင်းကို ကူညီဖူးသလား။
- သူငယ်ချင်းတွေကရော သင့်ကို ကူညီဖူးသလား။

ဒီပုံတွေကိုကြည့်ပြီး ဘယ်လိုနားလည်သလဲ။ ဘယ်ပုံကို ကြိုက်နှစ်သက်သလဲ။ ဘာကြောင့်လဲ။









# ပူစူးသိတဲ့တရားမျှတမှု



ပူစူးတစ်ယောက် သဲပုံပေါ်မှာ သဲအိမ်တစ်အိမ်ကို ဆောက်နေပါတယ်။ သဲအိမ်ကလေးကို ပူစူးရဲ့ စိတ်ကူးအတိုင်း အလှဆုံးဖြစ်အောင် အသေအချာ ဆောက်လုပ်နေပါတယ်။ ကြိုးစားဆောက်လုပ်လို့ ပြီးခါစမှာပဲ ပူစူးရဲ့သူငယ်ချင်း တူးတူးရောက်လာပါတယ်။

ပူစူးက “တူးတူးရေ ဒီမှာ တွေ့လား။ ငါဆောက်ထားတဲ့ သဲအိမ်ကလေး သိပ်လှတယ်မဟုတ်လား”လို့မေးတယ်။



တူးတူးက “လှလဲမလှဘူး” ဆိုပြီးတော့ ဖျက်ဆီးပစ်လိုက်တယ်။

ပူစူး ဝမ်းနည်းသွားတယ်။ ပူစူးက “မင်း ဘာလို့ ဖျက်လိုက်တာလဲ။ ငါ သေသေချာချာ ကြိုးစားပြီး ဆောက်ထားရတာလေ။ မင်း မတရားဘူး။ မင်း လုပ်တာ မတရားဘူး တူးတူး”လို့ ငိုသံနဲ့ ပြောလိုက်တယ်။ တူးတူးက “ဘာကြောင့် မတရားတာလဲ။ တရားတယ်ဆိုတာ မင်းသိလို့လား” လို့ ပြန်မေးတယ်။



ပူစူးက “ငါ ဆောက်ထားတဲ့သဲအိမ်ကို ဖျက်ဆီးတာဟာ မတရားလုပ်တာပဲပေါ့။



ငါ့ကို ဝမ်းနည်းအောင် လုပ်တဲ့အတွက် မင်းကို သူငယ်ချင်း မလုပ်တော့ဘူး” လို့ ပြောပြီး တူးတူးအနားက ထွက်သွားတယ်။ တူးတူးတစ်ယောက် ဘာမှ ပြန်မပြောနိုင်ဘဲ တွေးရင်း ကျန်နေခဲ့တယ်။ ပြေးထွက်သွားတဲ့ ပူစူးအပေါ် လည်း နားလည်သွားတယ်။ ခဏ နေတော့ ပူစူးနောက်ကို ပြေးလိုက်ပြီး “ပူစူးရေ ငါမှားသွားတယ်၊ ငါ ဖျက်လိုက်တဲ့ သဲအိမ်ကလေးနဲ့တူအောင် ငါပြန် ဆောက်ပေးပါ့မယ်။ မင်းငါနဲ့အတူ လိုက်ကြည့်ပေးပါလား”လို့ ပြောတယ်။ သူတို့နှစ်ယောက်အတူတူ ပြန်ဆောက်ကြရင် ပိုကောင်းတဲ့အိမ်ကြီး ပြန်ရမှာပဲလို့တွေးရင်း ပူစူးတစ်ယောက် တူးတူးကို ခွင့်လွှတ်လိုက်တယ်။ သူငယ်ချင်း အချင်းချင်း စိတ်ထိခိုက်အောင် ဝမ်းနည်းအောင် ဘယ်တော့မှ မလုပ်ဘူးဆိုရင် ပိုပျော်စရာ ကောင်းတယ်လို့ သူတို့ သိသွားကြပြီ။



* မေးခွန်း

၁။ မုန့်တစ်ထုပ်ရလာရင် သူငယ်ချင်းတွေနဲ့ ဘယ်လို ဝေစားမလဲ။

၂။ သူငယ်ချင်းအချင်းချင်း ဘယ်လို ပြုမူတာကို ကြိုက်သလဲ။ ဘယ်လိုပြုမူတာကို မကြိုက်ဘူးလဲ။

၃။ ပုံပြင်ထဲက ပုစွန်နေရာမှာဆိုရင် ဘယ်လို လုပ်မလဲ။

၄။ ပုံပြင်ထဲက တူးတူးနေရာမှာဆိုရင် ဘယ်လို လုပ်မလဲ။



# သင်ခန်းစာ (၁၃) တပည့်ဝတ်

ဆရာ ဆရာမများကို ဘယ်လို ပြုမူပြောဆိုရမလဲဆိုတာ လေ့လာကြည့်ရအောင်။



- ကျောင်းကို ဘာလုပ်ဖို့ လာတာလဲ။
- ဆရာ ဆရာမက စာဆိုခိုင်းရင် ဘာလုပ်ကြမလဲ။
- ကျောင်းရောက်ပြီး ဘာတွေလုပ်ကြမလဲ။ ဘာကြောင့်လဲ။



ပုံထဲက ကလေးနေရာ
မှာဆိုရင်ဘာလုပ်မလဲ။



ပုံထဲက ကလေးတွေ
နေရာမှာဆိုရင်
ဘာလုပ်မလဲ။

# အခန်း(၁၃)



ပုံထဲက ကလေးတွေ
ဘာလုပ်နေသလဲ။
အဲဒီလို မလုပ်ရင်
ဘာဖြစ်မလဲ။

ဆရာစာရှင်းပြနေတာ
ကို ဘယ်လို နားထောင်
နေကြသလဲ။ နားမထောင်
ရင် ဘာဖြစ်မလဲ။





ကလေးတို့ ကစားနေတဲ့
အချိန်မှာဆရာတစ်ယောက်
ဖြတ်သွားတာတွေ့ရင်
ဘာလုပ်မလဲ။


ပုံထဲက ကလေးတွေ
နေရာမှာဆိုရင်
ဘာလုပ်မလဲ။



## တပည့်ဝတ်

ညီညာထကြွ ဆုံးမနာယူ၊
လာမှုကြိုဆီး ထံနီးလုပ်ကျွေး၊
သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊
မချွတ်ငါးခုသာ။

သင်္ဂဇာဆရာတော်



* မေးခွန်း

၁။ စာသင်ခန်းမှာ ဆရာကိုဘာတွေကူညီ လုပ်ပေးနိုင်သလဲ။

၂။ တပည့်ဝတ်ကဗျာထဲက ဘယ်အချက်ကို ကလေးတို့ ကြိုက်သလဲ။ ဘာဖြစ်လို့လဲ။

၃။ ဆရာဆရာမများကို ချစ်ခင်လေးစားတဲ့အနေနဲ့ ဘယ်လိုပြုမူ ပြောဆိုမလဲ။





# သင်ခန်းစာ (၁၄) နိုင်ငံချစ်သူ

ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးဖို့ ဒီသင်ခန်းစာကို လေ့လာကြည့်ရအောင်။



- သင်နေတဲ့အိမ်က ဘယ်ရပ်ကွက် သို့မဟုတ် ဘယ်ကျေးရွာမှာ ရှိသလဲ။
- အိမ်က မိသားစုဝင်အချင်းချင်း ချစ်ခင်ကြသလား။
- နေထိုင်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာဟာ ဘယ်မြို့ ဘယ်နိုင်ငံမှာ ရှိသလဲ။
- သင် ဘာလူမျိုးလဲဆိုတာ ပြောပြနိုင်သလား။
- တို့နိုင်ငံမှာ သင်နဲ့မတူတဲ့ တခြားလူမျိုးတွေရော ရှိသေးသလား။






ကချင်
ကယား
ကရင်
ချင်း

# အခန်း(၁၄)





## နိုင်ငံချစ်သူ

တို့မိ တို့ဖ မောင်နှမတွေ
ချစ်ခင် ကြင်နာ ယုယပေ၊
မွေးရာမြေ ရပ်ရွာမြို့
ကျောင်းပါ မေတ္တာပို့။

ငါတို့နိုင်ငံ မြန်မာပြည်
တို့အားလုံး ချစ်ကြည်၊
ကမ္ဘာတည်သရွေ့ လက်တွဲထား
တို့ပြည်ထောင်စုသား။

မောင်ကျေးဇူး



* မေးခွန်း

၁။ သင်တို့အိမ်က ပျော်စရာကောင်းတာ ဘာကြောင့်လဲ။

၂။ သင်တို့နေထိုင်တဲ့ ရပ်ကွက် ကျေးရွာအတွက် ဘာတွေလုပ်ပေးချင်သလဲ။ ဘာကြောင့်လဲ။

၃။ တို့နိုင်ငံမှာ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးတွေက ဘယ်သူတွေလဲ။

၄။ တိုင်းရင်းသားတွေကို ချစ်သလား။ ဘာကြောင့်လဲ။

၅။ နိုင်ငံချစ်သူကဗျာကို ရွတ်ဆိုရတာ ဘယ်လို ခံစားရသလဲ။





# သင်ခန်းစာ (၁၅) မင်္ဂလာနံနက်ခင်း

သဘာဝပတ်ဝန်းကျင်ကို ချစ်တတ်ဖို့ လေ့လာကြရအောင်။




- အိမ်ပတ်ဝန်းကျင်မှာ ဘာတွေ တွေ့ရသလဲ။
- ကျောင်းပတ်ဝန်းကျင်မှာ ဘာတွေ တွေ့ရသလဲ။
- ရှုခင်းလှလှတွေ မြင်ဖူးသလား။ အဲဒီ ရှုခင်းလှလှ တွေထဲမှာ ဘာတွေ တွေ့ရသလဲ။





ရုပ်ပုံ(၁)က သူငယ်ချင်းတွေ ကစားတဲ့နေရာနဲ့ ရုပ်ပုံ(၂)က သူငယ်ချင်းတွေ ကစားတဲ့နေရာ ဘာတွေ ကွာခြားသလဲ။

မနက်ခင်း အိပ်ရာထချိန်မှာ ဘာတွေတွေ့ရသလဲ။
ဒီပုံထဲက သူငယ်ချင်းလို မနက်ခင်းရှုခင်းကို ကြည့်ကြရအောင်။






## မင်္ဂလာနံနက်ခင်း

ငှက်ကလေးတွေ တကျီကျီ
မိုးသောက်တေးချင်းသီ၊
လင်းရောင်ခြည် ကြည်လင်စွ
နေမင်းအိပ်ရာထ။
ပတ်ဝန်းကျင်က စိမ်းလန်းစွာ
ပန်းရောင်စုံလည်းဖြာ၊
မင်္ဂလာ နံနက်ခင်း
လေပြည်တသင်းသင်း။



**ထိန်လင်း**

ဒီရှုခင်းပုံကို ပိုပြီးလှပသွားအောင် ဘာတွေဖြည့်စွက်ရေးဆွဲမလဲ။



ဒီရှုခင်းပုံကို ပိုပြီးလှပသွားအောင်ဘယ်လိုဆေးရောင်ခြယ်မလဲ။



* မေးခွန်း

၁။ နေ့လယ်နေပူချိန် သစ်ပင်တစ်ပင်ရဲ့ အရိပ်အောက်မှာ သင်ရောက်နေရင် ဘယ်လို ခံစားရမလဲ။ အဲဒီအချိန်မှာ အရိပ်ရသစ်ပင်မရှိဘူးဆိုရင် ဘယ်လို ခံစားရမလဲ။

၂။ အိမ်ပတ်ဝန်းကျင်မှာ ပန်းရောင်စုံတွေ ပွင့်နေတာ ငှက်ကလေးတွေ ပျံသန်းနေတာကို တွေ့မြင်ရရင် ဘယ်လို ခံစားရမလဲ။

၃။ တို့ရဲ့ပတ်ဝန်းကျင် အခုထက် ပိုပြီး သာယာလှပအောင် ဘာတွေ လုပ်ကြမလဲ။



# သင်ခန်းစာ (၁၆) လှပစေချင် တို့ဝန်းကျင်

ပတ်ဝန်းကျင်ကို သာယာလှပစေဖို့ ဒီသင်ခန်းစာကို လေ့လာကြည့်ရအောင်။



- ဒီပုံတွေမှာ ဘယ်ပုံက ပတ်ဝန်းကျင်ကို သန့်ရှင်းလှပစေသလဲ။
- အဲဒီပုံတွေကိုကြည့်ပြီး သင်သာဆိုရင် ဘယ်လိုလုပ်မလဲ။



# လှပစေချင် တို့ဝန်းကျင်

တစ်ခါက အိမ်တစ်အိမ်မှာ ပုံးပုံး၊ လတ်လတ်၊ ခြောက်ခြောက်နဲ့ စိုစိုဆိုတဲ့ သူငယ်ချင်းတွေ ရှိကြတယ်။

တစ်နေ့မှာ ပုံးပုံးက

နင်တို့က ဘာမှအသုံးမကျဘူး သုံးမရဘဲ နံစော်နေတဲ့ နင်တို့ကို ငါကလုံခြုံအောင် လုပ်ပေးထားရတယ်



အဲဒီအချိန်မှာ လတ်လတ်က



အောင်မယ် အောင်မယ် ငါကမှဘယ်အရာမဆို လုံခြုံအောင် လုပ်ပေးနိုင်တာပါ ဟိုမှာတွေ့လား စားစရာတွေကို ထုပ်ယူလာတာ အဲဒါ လတ်လတ်ဆိုတဲ့ ငါပဲလေ နောက်တစ်ယောက်ကို ကြည့်လိုက်ပါဦး အသီးအရွက် အသားငါးတွေ ထုပ်ယူ လာတာလည်း လတ်လတ်နဲ့ပဲ နောက်ထပ် ကြည့်လိုက်ပါဦး အဝတ်အထည်တွေ အရည်ဘူးတွေကိုလည်း လတ်လတ်နဲ့ပဲ ထည့်ယူလာတာပဲ ငါကမှ အသုံးဝင်ဆုံးပဲ

အဲဒီတော့ ခြောက်ခြောက်က

ငါ့ကို လတ်လတ်ထဲ မထည့်ဘဲ သယ်ယူလို့ရတယ်ဆိုတာ ကိုကို မမ ဦးဦး ဒေါ်ဒေါ်တို့ကို ပြောလိုက်မယ်



နောက်ဆုံးကျန်တဲ့ စိုစိုက



ငါက တခြားသူတွေကို ညစ်ပတ် ပေကျံ နံစော်စေနိုင်တယ် ဆိုတော့ မင်းတို့ကို အားကိုးရမှာပဲ

အဲဒီအချိန်မှာ "အိမ်ရှင် မမလေးက ဟောဒီအမှိုက်တွေထဲမှာ အလွယ်တကူ မဆွေးမြေ့နိုင်တဲ့ အမှိုက်တွေက ရေစီးရေလာကို ပိတ်ဆို့စေတယ်။ မြေကြီးထဲမှာလည်း ပိတ်ဆို့စေတယ်။ လေထဲမှာ ဟိုဟိုဒီဒီ လွင့်ပြီးလည်း ရှုပ်ပွစေတယ်။ ကြာလာရင် ငါတို့အိမ်ကလေး ညစ်ပေရှုပ်ပွ ဖြစ်တော့မယ်။ ငါတို့ရဲ့အိမ်ကလေး လှပသန့်ရှင်းအောင် ဘယ်လိုလုပ်ကြမလဲ"လို့ မေးတယ်။

ပုံးပုံးက

အမှိုက်တွေကို ကျွန်တော့်ထဲပဲ ထည့်ကြပါခင်ဗျာ



ခြောက်ခြောက်က

ကျွန်တော့်ကိုတော့ အမှိုက်ပုံးထဲအထိရောက်အောင် ပစ်ကြပါနော်



စိုစိုက

ကျွန်မကိုလည်း အနံ့လုံအောင် သေချာထုပ်ပြီးမှ အမှိုက်ပုံးထဲအထိ ရောက်အောင် ပစ်ကြပါနော်



လတ်လတ်က

ကျွန်မကိုလည်း အမှိုက်ပုံးထဲအထိ ရောက်အောင် ပစ်ကြပါနော်




"အို ကောင်းလိုက်တာ တို့အိမ်သားတွေအားလုံး မင်းတို့ပြောသလို လုပ်ကြမယ်။ အဲဒါ အားလုံးလှပသန့်ရှင်းဖို့ပဲ"လို့ မမလေးက ဝမ်းသာအားရ ပြောလိုက်တယ်။



# အခန်း(၁၆)

ဒီပုံတွေကိုကြည့်ပြီး မေးခွန်းတွေ ဖြေကြည့်ပါ။
ဒီနေရာမှာ အမှိုက်တွေ ရှိနေတာ ကောင်းသလား။ ဘယ်လိုလုပ်ကြမလဲ။









* မေးခွန်း



၁။ အမှိုက်တွေနဲ့ ညစ်ပတ်နေတဲ့ နေရာတွေ တွေ့ဖူးသလား။ ဘာကြောင့် အဲဒီလို ညစ်ပတ်နေတာလဲ။

၂။ ကျောင်းဝင်းထဲမှာ အမှိုက်တွေရှင် ဘာလုပ်မလဲ။ ဘာကြောင့်လဲ။

၃။ အမှိုက်တွေကို ဘယ်နေရာမှာ ပစ်မလဲ။ ဘယ်လို ပစ်မလဲ။

၄။ တို့ရဲ့ပတ်ဝန်းကျင် သန့်ရှင်းလှပဖို့ ဘာလုပ်ကြမလဲ။



CREATE

ပညာ

JICA

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်
ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ နည်းပညာကူညီပံ့ပိုးမှုပေးပါသည်။